## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၇။ သယ်ယူပို့ဆောင်ရေး

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "သ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "သ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "သ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "သ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "သ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "သ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "သ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "သ"ဗျည်းကို ကူးရေးခြင်း<br>- သင်ပြီးခဲ့သော ဗျည်းစာလုံးများကိုသုံး၍ ဗျည်းကတ်များ လှည့်ကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "လ"ဗျည်း ကဗျာ ရွတ်ဆိုခြင်း<br>- "လ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "လ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "လ"ဗျည်းကို ကူးရေးခြင်း<br>- "ဝက်ကလေးသုံးကောင်"ပုံပြင်ကို ကလေးများ ပြောစေခြင်း<br>(ပြောဆိုဆက်သွယ်) | - "လ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း<br>- "လ"ဗျည်း ကဗျာရွတ်ဆိုခြင်း<br>- "လ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "လ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "လ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "သ၊လ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "သ၊လ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "သ၊လ" ဗျည်းကို ကူးရေး ခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "Head and Shoulders "ကဗျာရွတ်ဆိုခြင်း<br>- "S"အက္ခရာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | "Head and Shoulders" ကဗျာကို အမူအရာဖြင့် ရွတ်ဆိုခြင်း<br>- "S"အက္ခရာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Head and Shoulders" ကဗျာပါ စကားလုံးများကို ဆရာဦးဆောင်မှုဖြင့်အသုံးပြု ရွတ်ဆိုခြင်း<br>- "T"အက္ခရာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - ဒေါင်လိုက်မျဉ်းရေးဆွဲခြင်း<br>- "T"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - ရွတ်ဆိုပြီးသော ကဗျာများကို ကလေးများ စိတ်ကြိုက် ရွတ်ဆိုခြင်း<br>- "P,Q,R,S,T" အက္ခရာများကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

DBEBOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - ကျောင်းသို့ လာရောက်ပုံ နည်းလမ်းများ ကိုအမူအရာ ဖြင့်သရုပ်ဆောင်ခြင်း (စာရိတ္တ၊ မိတ္တ) | - ကျောင်းသို့ လာရောက်ပုံ နည်းလမ်းများ ကိုဇယားတွင် ဖြည့်စွက်ခြင်း (စာရိတ္တ၊ မိတ္တ) | - ကုန်း၊ရေ၊လေ ကြောင်း သွား ယာဉ်များ အကြောင်း ဆွေးနွေးခြင်း<br>- ကုန်း၊ရေ၊လေ ကြောင်းသွား ယာဉ်များကို သိရှိစေခြင်း (စာရိတ္တ၊ မိတ္တ) | - ယာဉ်များ အကြောင်း ဆွေးနွေးခြင်း<br>- ကုန်းလမ်းသွား ယာဉ်ပုံဆွဲခြင်း (စာရိတ္တ၊ မိတ္တ) | - ကုန်း၊ရေ၊လေ ကြောင်းသွား ယာဉ်များကို ခွဲခြားခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁:၄၅-၁၂:၁၅ | - ကျောင်းသို့ လာရောက်ပုံ နည်းလမ်းများကို ဆွေးနွေးခြင်း<br>- "ခရီးသွားကြ မယ်"ကဗျာ ရွတ်ဆိုခြင်း (စာရိတ္တ၊ မိတ္တ) | - "ကိုကိုတစ်က လေး"ကဗျာ ရွတ်ဆိုခြင်းနှင့် ၁ မှ ၃အထိ ကိန်းများကို ရေတွက်ခြင်း<br>- ၁ မှ ၃အထိ ကိန်းများ ဖတ်ခြင်း (သင်္ချာ) | - ယာဉ်များ အကြောင်း ပဟေဠိဖွက်တမ်း ကစားခြင်း (စာရိတ္တ၊ မိတ္တ) | - "၃"ကိန်းကို လေထဲတွင် ရေးခြင်း<br>- "၃"ကိန်းကို ကူးရေးခြင်း (သင်္ချာ) | - ၁မှ၄အထိ ကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း<br>- ၄ကိန်းများကို လေထဲတွင် ရေးခြင်း<br>- ၄ကိန်းကို ကူးရေးခြင်း (သင်္ချာ) |
| ၁၃:၃၀-၁၄:၀၀ | - ယာဉ်ပုံဆွဲခြင်း (အနုပညာရသ) | - "ခရီးသွားကြ မယ်"ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ယာဉ်ပုံဆွဲခြင်း (အနုပညာရသ) | - "မီးရထားကြီး" ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ယာဉ်ပုံဆွဲ၍ ဆေးရောင် ခြယ်ခြင်း (အနုပညာရသ) |

DBE Box

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၇။ သယ်ယူပို့ဆောင်ရေး

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ယ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ယ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "ယ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ယ"ဗျည်းကို ကူးရေးခြင်း<br>- "ယ"ဗျည်းကို အက္ခရာပုံဖော် ကစားနည်းဖြင့် ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဘယ်သွား မလို့လဲ ဂျာဘောက်" (ပုံပြင်)ကို ကလေးများက ပြောခြင်း<br>- "ယ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ယ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "ယ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ယ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဟ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဟ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "ဟ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဟ"ဗျည်းကို ကူးရေးခြင်း<br>- "ဟ"ဗျည်း ပုံဖော်ကစား နည်းဖြင့် ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဘာတွေလဲ" ကစားနည်းဖြင့် ကစားခြင်း<br>- "ဟ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "ဟ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "ဟ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဟ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "သ၊လ၊ယ၊ဟ" ဗျည်းအသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "သ၊လ၊ယ၊ဟ" ဗျည်းကို ကူးရေးခြင်း<br>- သင်ခဲ့ပြီးသော ဗျည်းတို့ကို ဆရာက ကျပန်း ထောက်၍ မေးခြင်း<br>- "သ၊လ၊ယ၊ဟ" ဗျည်းတို့ကို ဆရာခေါ်ပေး သည့်အတိုင်း ဝိုင်းစေခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- အလျားလိုက် မျဉ်းရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "U"အက္ခရာကို ရွတ်ဆိုခြင်း<br>- အလျားလိုက် မျဉ်းရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "U"အက္ခရာကို ရွတ်ဆိုခြင်း<br>- မျဉ်းစောင်း"//" ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "V"အက္ခရာကို ရွတ်ဆိုခြင်း<br>- မျဉ်းစောင်း "\\" ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "V"အက္ခရာကို ရွတ်ဆိုခြင်း<br>- "QtoV" အက္ခရာများကို အစီအစဉ် တကျစီခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE-BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - မိမိတို့ခရီးသွားခဲ့သည့်ယာဉ်ပုံဆွဲခြင်း (စာရိတ္တ၊ မိတ္တ) | - ပတ်ဝန်းကျင်ရှိယာဉ်များ၏အသုံးဝင်ပုံကိုမေးမြန်းဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ) | - "မီးပွိုင့်လေး" ကဗျာရွတ်ဆိုခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ယာဉ်များ၏အသံကိုသိရှိစေခြင်း (စာရိတ္တ၊ မိတ္တ) | - ၆ကိန်းကိုရေးခြင်း<br>- ၁ မှ ၆ အထိ အစဉ်လိုက်နှင့်နောက်ပြန်ရေတွက်ခြင်း (သင်္ချာ) |
| ၁၁:၄၅-၁၂:၁၅ | - ခရီးသွားသည့်ပုံကိုအမူအရာဖြင့်သရုပ်ဆောင်ခြင်း (စာရိတ္တ၊ မိတ္တ) | - ၁ မှ ၅ အထိ ကိန်းများကိုရေတွက်ခြင်း၊ ရွတ်ဖတ်ခြင်း<br>- ၅ ကိန်းကိုလေထဲတွင်ရေးခြင်း<br>- ၅ကိန်းကိုကူးရေးခြင်း (သင်္ချာ) | - ဝါ၊စိမ်း၊နီ သင်္ကေတ ကတ်ပြားများကိုင်၍အမူအရာဖြင့် သရုပ်ဆောင်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - "ပန်းကလေး ၁၀ပွင့်"ကဗျာရွတ်ဆိုခြင်း<br>- ၁ မှ ၆ အထိ ကိန်းများရေတွက်ခြင်း၊ ဖတ်ခြင်း (သင်္ချာ) | - မိမိသွားခဲ့ဖူးသောခရီးများကိုပြောခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၃:၃၀-၁၄:၀၀ | - တည်ဆောက်ပုံဖော်ခြင်း (အနုပညာရသ) | - "မီးရထားကြီး" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - ယာဉ်ပုံများဆွဲ၍ညှပ်စေခြင်း (အနုပညာရသ) | - "မီးပွိုင့်လေး" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - စက္ကူဖြင့်လေယာဉ်ပျံပုံခေါက်ခြင်း (အနုပညာရသ) |

**ပထမပတ်**

**တနင်္လာနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။ ။ "သ"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ **။"သ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "သ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"သ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါ။
- "သ"ဗျည်း၏ အမည်သည် "သ" ဖြစ်သည်။

**"သ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-သရက်သီး၊ သခွားသီး၊ သမင်

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"သ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော "သ"ဗျည်းရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။Head &Shoulders **ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

Head &Shoulders

Head and shoulders,(knees and toes)[3]
Head and shoulder, knees and toesand eyes
ears and nose and mouth.

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"S"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"S"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းသို့လာရောက်ပုံနည်းလမ်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ **။ကျောင်းသို့လာရောက်ပုံနည်းလမ်းများကိုအမှုအရာဖြင့်သရုပ်ဆောင်ခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးတစ်ဦးချင်းစီအားကျောင်းသို့ ဘာနဲ့လာသလဲဟုမေးပါ။
- ကလေးများက ကျောင်းသို့လာရောက်ပုံနည်းလမ်းများ (ခြေလျင်၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကား၊. . . . . . .) စသည်ဖြင့်ပြောပါစေ။
- ကလေးများလာရောက်ပုံနည်းလမ်းများကို တူရာစု၍ အမူအရာဖြင့် သရုပ်ဆောင်ပါစေ။

DBE BOX

လုပ်ငန်းစဉ်(၂)။ ။ **ကျောင်းသို့လာရောက်ပုံနည်းလမ်းများကိုဆွေးနွေးခြင်း (၁၅ မိနစ်)**

- ဆရာက ကလေးများအား ခရီးသွားဖူးကြသလားဟုမေးပါ။
- သွားဖူးရင် ဘာနဲ့သွားဖူးသလဲ ဟုဆက်၍မေးပါ။
- ကလေးများပြောသမျှသင်ပုန်းပေါ်တွင် ရေးပါ။
- ဆရာက ပိုစတာပြ၍ ကလေးများအား မိမိစီးခဲ့သောယာဉ်ကို ထောက်ပြခိုင်းပါ။
- ပြီးလျှင် ခရီးသွားကြမယ်ကဗျာကို ဆရာနှင့်အတူ ရွတ်ဆိုပါ။

**"ခရီးသွားကြမယ်"ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

**"ခရီးသွားကြမယ်"**

ခရီးသွားကြမယ်၊ အတူတူလာ
သူငယ်ချင်းအားလုံး ပျော်စရာ
စီးကြ၊ မောင်းကြ၊ သွားကြမှာ
| (ပွမ်)၂ ကားကြီးမောင်းမယ်|၃ (ပွမ်)၂
| (တူ)၂ ရထားကြီးမောင်းမယ်) |၃ (တူ)၂
| (ပေါ်)၂ သင်္ဘောကြီးမောင်းမယ်|၃ (ပေါ်)၂
| (ဝီ)၂ လေယာဉ်ပျံကြီးမောင်းမယ်|၃ (ဝီ)၂
| (ကလင်)၂ စက်ဘီးလေးစီးမယ်|၃ (ကလင်)၂
| (ဝူး)၂ ဆိုင်ကယ်စီးမယ်|၃ (ဝူး)၂
| (လျှောက်)၂ လမ်းလေးလျှောက်မယ်|၃ ( လျှောက်)၂။

- ဆရာက ကား ၊ ရထား၊ စက်ဘီး စသည်တို့သည် မြေကြီးပေါ်သွားသောကြောင့် ကုန်းလမ်းခရီး၊ လေယာဉ်ပျံကလေထဲမှာ သွားသောကြောင့် လေကြောင်းခရီး၊ သင်္ဘောက ရေပေါ်သွားသောကြောင့် ရေကြောင်းခရီး)ဟုခေါ်ကြောင်း ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ယာဉ်ပုံများဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ယာဉ်ပုံဆွဲခြင်း (မိနစ် ၃၀)**

- မိမိတို့ကျောင်းသို့ စီးလာသည့်ယာဉ်ပုံဆွဲပါစေ။
- ခြေလျင်လာပါက ကြိုက်နှစ်သက်ရာပုံဆွဲပါစေ။ (တစ်ကြောင်းဆွဲ လူပုံဖြင့်လည်း ဖော်ပြနိုင်သည်။)

အင်္ဂါနေ့
အသေးစိတ်သင်ယူမှုရလဒ်။ ။ "သ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "သ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**"သ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။"သ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"သ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော "သ"ဗျည်း ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာများကို ပိုမိုမှတ်မိပြီး ကစားတတ်ရန်။

လုပ်ငန်းစဉ်။ **။သင်ပြီးခဲ့သောဗျည်းစာလုံးများကိုသုံး၍ဗျည်းကတ်များလှည့်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ဆရာကသင်ပြီးခဲ့သော ဗျည်းများဖြင့် ဗျည်းကတ်ပြားများ ကြိုတင်ပြုလုပ်ထားပါ။
- ကလေးများအား ဝိုင်းလျှက်တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာထိုင်စေပြီး ဗျည်းကတ်ပြား တစ်ချပ်စီဝေပေးပါ။
- ဆရာက သင်ကြားပြီးသော သီချင်းကဗျာများထဲမှ ကလေးများနှစ်သက်ရာ တစ်ပုဒ်ကို သီဆိုပါစေ။
- ဆရာက သီချင်းစတင်သီဆိုသည်နှင့်တစ်ပြိုင်နက် ကလေးများ လက်ထဲရှိ ကတ်ပြားကို ညာဖက်ရှိကလေးအားပေးစေပြီး ဘယ်ဘက်ရှိကလေးပေးသော ကတ်ပြားကို လက်ခံယူပါစေ။
- သီချင်းမရပ်မချင်း (ရပ်ဟု မပြောမချင်း) ထိုအတိုင်း ဘယ်ဘက်မှယူ၍ ညာဘက်သို့ ကမ်းပေးရန်ပြောပါ။
- သီချင်းရပ်သောအခါ (ရပ်ဟုပြောသောအခါ) လက်ထဲမှာ ရသောကတ်ကို ကိုင်ထားရန်ပြောပါ။
- ကလေးတိုင်းက လက်ထဲမှာရရှိထားသော ကတ်ပေါ်တွင် ရေးထားသည့် ဗျည်းအက္ခရာကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ Head and Shoulders**ကဗျာကို အမူအရာဖြင့်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"S" အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "S"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကျောင်းသို့လာရောက်ပုံနည်းလမ်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ကျောင်းသို့လာရောက်ပုံနည်းလမ်းများကို ဇယားတွင်ဖြည့်စွက်ခြင်း (မိနစ် ၃၀)**

- ကလေးဦးရေအလိုက် စက်ဝိုင်းပုံစက္ကူလေးများကို ကြိုတင်ပြင်ဆင်ထားပါ။
- ထိုစက်ဝိုင်းပုံတစ်ခုစီကို ကလေးများအားဝေပေးပါ။
- ဆရာက သင်ပုန်းပေါ်တွင် ယာဉ်ပုံများကို ကပ်ထားပါ။
- ကလေးများက ဝေထားသော အဝိုင်းပုံစက္ကူလေးကို မိမိတို့ကျောင်းသို့လာရောက်ပုံနည်းလမ်းအလိုက် ဇယားတွင်ကပ်ပါစေ။

ဥပမာ-

- လှည်းပုံ ○ ○
- စက်ဘီးပုံ ○ ○ ○
- ကားပုံ ○
- ဆိုင်ကယ်ပုံ ○ ○
- လမ်းလျှောက်ပုံ ○ ○ ○



DPE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။၁မှ၃ထိကိန်းများကို မှန်ကန်စွာရေတွက်တတ်ရန်နှင့်ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ကိုကိုတစ်ကလေး"ကဗျာရွတ်ဆိုခြင်းနှင့် ၁မှ၃ထိ ကိန်းများကိုရေတွက်ခြင်း(မိနစ် ၂၀)**

- "ကိုကို တစ်ကလေး"ကဗျာကို ပြန်လည်ရွတ်ဆိုပါစေ။
- စာသင်ခန်းတွင်းရှိစာအုပ် ၃အုပ်ကို ဆရာကယူ၍ ၁အုပ်၊ ၂အုပ်၊ ၃အုပ် . . စသည်ဖြင့် ရေတွက်ပြပြီး ကလေးများအား ပြန်လည် ရေတွက်ပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် ၃ ကိန်းကိုရေး၍ ၃ ဟုခေါ်ကြောင်းပြောပါ။ ကလေးများအား ၃ ဟု လိုက်၍ဆိုပါစေ။
- စာသင်ခန်းထဲရှိ(ပြတင်းပေါက်၊ တံခါးပေါက်၊ သင်ပုန်း၊ ဆရာ့စားပွဲခုံ၊ . . .) စသည်တို့ကို ရေတွက်၍ ပြောပါစေ။
- **၁ မှ ၃အထိ ကိန်းများဖတ်ခြင်း (၁၀ မိနစ်)**
- ၁ မှ ၃ ထိကိန်းကတ်ပြားများသုံး၍ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခရီးသွားကြမယ်"ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခရီးသွားကြမယ်"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "ခရီးသွားကြမယ်"ကဗျာကို ဆရာက ဟန်အမူအရာဖြင့် ဦးစွာ ရွတ်ဆိုပြပါ။
- ကလေးများနှင့်ဆရာအတူရွတ်ဆိုပါ။
- ကလေးအားလုံးကို ရွတ်ဆိုပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ" ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "လ"ဗျည်း၏အမည်သည် "လ" ဖြစ်သည်။

**"လ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- ဥပမာ-လ၊ လမုန့်၊ လပြည့်နေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်း ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို အမူအရာဖြင့်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝက်ကလေး သုံးကောင်"ပုံပြင်ကို ကလေးများပြောခြင်း (၁၅ မိနစ်)**

- "ဝက်ကလေးသုံးကောင်"ပုံပြင်ကို ကလေးများမှတ်မိသလောက်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ Head and Shoulders **ကဗျာကို အမူအရာဖြင့်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ "T''အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"T''**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းယာဉ်များကိုသိရှိရန်။

လုပ်ငန်းစဉ်(၁) ။ ။**ကုန်း၊ ရေ၊ လေကြောင်း သွားယာဉ်များအကြောင်းဆွေးနွေးခြင်း (၁၀ မိနစ်)**

- ကလေးများသိသောယာဉ်တွေကို ပြောပြပါစေ။
- (မြင်းလှည်း၊ နွားလှည်း၊ လှေ၊ သင်္ဘော၊ ဆိုက်ကား၊ ထော်လာဂျီ၊ ကား၊ ရထား၊ လေယာဉ်ပျံ. . . . .) စသည်ဖြင့် ပြောပါစေ။
- **ကုန်း၊ ရေ၊ လေကြောင်း သွားယာဉ်များကိုသိရှိစေခြင်း (မိနစ် ၂၀)**
- ဆရာက အတန်းထဲတွင် ကုန်း၊ ရေ၊ လေ နေရာသုံးခုခွဲ၍ သတ်မှတ်ပါ။
- ကလေးတစ်ဦးချင်းစီအား ယာဉ်အမည်များသတ်မှတ်ပေး၍ ဆရာက ကုန်းလမ်းသွားယာဉ်ဟုပြောလျှင် ကုန်းလမ်းသွားယာဉ်အမည်ရထားသော ကလေးများက သတ်မှတ်ထားသော ကုန်းနေရာသို့ သွားပါစေ။
- ဆက်လက်၍ ဆရာက ရေကြောင်း၊ လေကြောင်းသွားယာဉ်များဟုပြော၍ ကလေးများအား သတ်မှတ်ပေးထားသော နေရာများသို့သွားပါစေ။

လုပ်ငန်းစဉ် (၂)။ ။ **ယာဉ်များအကြောင်းပဟေဠိဝှက်တမ်းကစားခြင်း (မိနစ် ၃၀)**

- ဆရာက ပတ်ဝန်းကျင်ရှိယာဉ်များအကြောင်း ပဟေဠိဝှက်တမ်း ကစားမည့် အကြောင်း ကလေးများအားပြောပြပါ။
- ပထမဦးစွာဆရာက ဘီးနှစ်ဘီးပါတယ်လိုရာခရီးသွားနိုင်တယ်လူနှစ်ယောက်တည်း စီးလို့ရတယ် အဲဒါဘာလဲကွယ်လို့မေးပါ။
- အဖြေက (စက်ဘီး၊ ဆိုက်ကယ်) ဟုပြောပါ။
- ကျန်ပဟေဠိများကို ကလေးများစဉ်းစားနိုင်ရန် အချိန်ပေး၍ ကလေးများမရမှ ဆရာက အဖြေပေးပါ။
- လက်နှစ်ဖက်ကို ကားပြီး ဝီဝီလို့အော်ကာ အမြင့်ကြီးကနေပျံတယ် အဲဒါဘာလဲကွယ် (လေယာဉ်ပျံ)
- လူတွေအများကြီးကို တင်ပြီးအမြန်သွားတယ် ဂျုံးဂျုံးဂျက်ဂျက်နှင့် အသံမြည်တယ် အဲဒါဘာလဲကွယ် (မီးရထား)
- လက်နဲ့လှော်ရတယ်၊ရေပေါ်မှာလည်းသွားတယ် အဲဒါဘာလဲကွယ် (သမ္ဗာန်/လှေ)
- (မိမိဒေသရှိယာဉ်များဖြင့် ချဲ့ထွင်၍ကစားနိုင်ပါသည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ယာဉ်ပုံများကိုရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ယာဉ်ပုံဆွဲခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာယာဉ်ပုံဆွဲပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "လ"ဗျည်းကို ပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်း ပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့်ဗျည်းပုံဖော်ကစားနည်းအတိုင်း ကစားပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ "လ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်း ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ "လ" ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။ **"လ"ဗျည်း၏ အသံနှင့်အမည် ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**"လ"ဗျည်း အက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း နည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"လ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"လ"ဗျည်းကို ကူးရေးခြင်း(မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ဒေါင်လိုက်မျဉ်း ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ဒေါင်လိုက်မျဉ်း ရေးဆွဲခြင်း (၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင် အပေါ်မှ အောက်သို့ ဒေါက်လိုက်မျဉ်းအစက်များ (အကျဲ၊ အစိပ်) ကြိုတင်ရေးဆွဲထားပါ။
- ဆရာက သင်ပုန်းပေါ်ရှိ အစက်များကို အပေါ်မှအောက်သို့ဆက်ဆွဲ၍ ဒေါင်လိုက်မျဉ်းများရအောင်ဆွဲပြပါ။
- ကလေးများ၏ လုပ်ငန်းပေးစာအုပ်ရှိ ဒေါင်လိုက်မျဉ်းအစက်များကို ဆက်ပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။"T" အက္ခရာအမည်ကို ပြောပြတတ်ရန်။**

လုပ်ငန်းစဉ်။ ။ "T" **အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းသွားယာဉ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။**ယာဉ်များအကြောင်းဆွေးနွေးခြင်း (၁၀ မိနစ်)**

- ကလေးများအား ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းသွားယာဉ်အမည်များကို ထပ်မံမေးပါ။

**ကုန်းလမ်းသွားယာဉ်ပုံရေးဆွဲခြင်း (မိနစ် ၂၀)**

- ကလေးများအားပိုစတာကိုကြည့်၍ ကုန်းလမ်းသွားယာဉ်များမှ နှစ်သက်ရာပုံဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၃ ကိန်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**၃ ကိန်းကို လေထဲတွင်ရေးခြင်း (၁၀ မိနစ်)**

- ဆရာက ကျောခိုင်း၍ ၃ ကိန်းကို လေထဲတွင် ရေးပါ။
- ကလေးများအား လေထဲတွင် ၃ ကိန်းကိုရေးပါစေ။
- ကလေးများအား စက်ဝိုင်းပုံနှစ်ထပ်ရွေ့နောက်တန်းစီ၍ရပ်စေပြီး အပြင်စက်ဝိုင်းမှ ကလေးက အတွင်းစက်ဝိုင်းမှ ၎င်းရှေ့ရှိကလေး၏ ကျောပေါ်တွင် ၃ ကိန်းကို လက်ဖြင့် ရေးပါစေ။



DBE BOX